**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**

**ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန**

**တိုင်းရင်းဆေးပညာဦးစီးဌာန**

စာအမှတ်၊တဆပ/နဆရ/၂၀၁၈ (            )
ရက်စွဲ၊ ၂၀၁၈ ခုနှစ်၊ ဧပြီ လ      ၅     ရက်

သို့

ပါမောက္ခချုပ်

တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)

အကြောင်းအရာ။ **ပညာသင်ဆုလျှောက်ထားနိုင်ကြောင်း အကြောင်းကြားခြင်းကိစ္စ**

ရည် ညွှန်း ချက်။ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ၂-၄-၂၀၁၈ ရက်စွဲပါ စာအမှတ်၊ IRD/ပညာသင်-ခ(၂၀၁၈) ၅၃၉၃

အထက်ပါအကြောင်းအရာကိစ္စနှင့်ပတ်သက်၍ ထိုင်းနိုင်ငံ၊ အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (TICA) သည် Thailand Research Fund (IRF) နှင့် Swedish International Development Cooperation Agency (Sida) တို့နှင့် ပူးပေါင်း၍ ပါရဂူဘွဲ့ပညာသင်ဆု(၃)ဆု ပေးအပ်သွားမည်ဖြစ်ပါကြောင်းနှင့် မြန်မာနိုင်ငံမှ ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် သင်္ချာဘာသာရပ်စသည့် သိပ္ပံပညာရပ်ဆိုင်ရာကဏ္ဍမှ သင်တန်းသားများ အဆိုပြုလျှောက်ထားနိုင်ပါကြောင်းနှင့် သင်တန်းသားများသည် သက်ဆိုင်ရာ Website မှတဆင့် တိုက်ရိုက်လျှောက်ထားနိုင်ပါကြောင်းနှင့် လျှောက်ထားမည့်သူများ၏ အမည်စာရင်းအားပေးပို့ရန် အကြောင်းကြား လာပါသည်။

သို့ဖြစ်ပါ၍ လျှောက်ထားလိုသည့် သက်ဆိုင်ရာဘာသာရပ်ပညာရှင်များသည် တိုင်းရင်းဆေးပညာဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ်ရုံးခန်းသို့ မိတ္တူပေးပို့၍ သက်ဆိုင်ရာ Website နှင့် ဆက်သွယ်၍ ယှဉ်ပြိုင်လျှောက်ထားနိုင်ကြောင်း အသိပေးအကြောင်းကြားအပ်ပါသည်။

| **အမှတ်စဉ်** | **သင်တန်းဘာသာရပ်** |
|---|---|
| ၄၉ | Doctoral Studies in the field of Physics, Chemistry |
| (၁) | Mathematics and Applied Sciences |

ညွှန်ကြားရေးမှူးချုပ်ကိုယ်စား
(ဒေါက်တာသိန်းဇော်လင်း၊ ညွှန်ကြားရေးမှူး-သုတေသနနှင့်ဖွံ့ဖြိုးရေး)

မိတ္တူကို-

- ရုံးလက်ခံ/ မျှောစာတွဲ